# မိုလ်ချုပ်ကြီးပက်တန်၏ တစ်မိနစ် အမှာစကားများ

## “ တပ်မှူးသည် တပ်ကိုကွပ်ကဲရမည်”

တပ်တော်တစ်ခု(သို့မဟုတ်) တပ်မတစ်မ(သို့မဟုတ်) တပ်ရင်းတစ်ရင်း (သို့မဟုတ်) တပ်ခွဲတစ်ခွဲ (သို့မဟုတ်) တပ်စုတစ်စု(သို့မဟုတ်)မည်သည့်အသေးစားသီးသန့်အဖွဲ့ကလေးတစ်ဖွဲ့ကိုမဆို ကွပ်ကဲအုပ်ချုပ်ရန် တာဝန်ပေးလိုက်ပြီဆိုလျှင် မိမိသည်တာဝန်ခံကွပ်ကဲအုပ်ချုပ်ရသူတစ်ဦးအဖြစ် ပြုမူလုပ်ဆောင်ရပါမည်။ ထိုအဖွဲ့သည် သင်၏ ကွပ်ကဲမှုအောက်တွင်တစ်ချိန်လုံးရှိနေစေရန်သေချာစေရမည်။ ထို့အပြင် ထိုအဖွဲ့နှင့်ပတ်သက်၍ ဘာတွေဖြစ်နေသည်ကိုလည်းသိရှိနေရမည်။ ကွပ်ကဲမှုလုပ်ငန်း၏ ၉၀ ရာခိုင်နှုန်းသည် မိမိ၏ အမိန့်များအား လိုက်နာဆောင်ရွက်နေစေရေး နှင့် ပေးအပ်သောရည်မှန်းချက်တာဝန်ပြီးမြောက်စေရေးတို့အတွက် သေချာစေရန်သာဖြစ်သည်။ အမိန့်တစ်ရပ်ကိုထုတ်ပြန်ပြီးပြီဆိုလျှင် လက်အောက်ကလူများအား သူ့ဘာသာသူလုပ်သွားကြစေရန် လွှတ်ထားလိုက်ပါ။ သို့သော် မိမိသည် တာဝန်ခံကွပ်ကဲသူဖြစ်ကြောင်းကိုလည်းကောင်း၊ရည်မှန်းချက်အပြည့်အဝအကောင်အထည်ပေါ်လာရန်မျှော်လင့်ကြောင်းကိုလည်းကောင်း၊ ထိုသို့ပြီးမြောက်အောင်မြင်ရေးအတွက် သူတို့တွင်လည်း တာဝန်ရှိသည်ဟူသော အချက်ကိုလည်းကောင်း ကောင်းစွာသိရှိစေရပါမည်။

## "အင်တိုက်အားတိုက်ပြုလုပ်ခဲ့၍ ယခုရရှိသော အဖြေကောင်းတစ်ခုသည် နောက်ဆယ်မိနစ် အကြာတွင်ရရှိမည့် စံပြုအဖြေထက်သာသည်"

လောကကြီးတွင်မည်သည့်အရာမျှ ပြည့်စုံလုံလောက်ကောင်းမွန်သည်ဟူ၍ မရှိပါ။ အထူးသဖြင့်ပျက်စီးဆုံးရှုံးမှုများဖြင့် ဖွဲ့စည်းဖြစ်ပေါ်နေသောစစ်ပွဲအတွင်းကာလ၌ပို၍မရှိနိုင်ပါ။ စစ်ပွဲအတွင်းကာလ၌ ချက်ချင်းယခုအသုံးပြုနိုင်သော ကောင်းမွန်သည့်အဖြေတစ်ခုသည် လူ့အသက်များ၊ ပစ္စည်းကိရိယာများနှင့် အချိန်များဆုံးရှုံးခြင်းမှ ကာကွယ်ပေးနိုင်ပါသည်။ မိမိစီမံချက်များကိုပြန်လည်စဉ်းစားသုံးသပ်ခြင်းနှင့် ပြန်လည်ဆန်းစစ်ခြင်းတို့ကို အချိန်အကန့်အသတ်မရှိ အသုံးပြုမည်ဆိုလျှင် ဘယ်တော့မှစတင်၍ စစ်တိုက်နိုင်လိမ့်မည်မဟုတ်ပါ၊ မိမိတစ်ဦးတည်း၏ စိတ်ထဲမှာပဲ စစ်ပွဲနိုင်နေပါလိမ့်မည်။ထို့ကြောင့်စီမံချက်ပြုလုပ်ခြင်းလုပ်ငန်းစဉ်ကိုရပ်တန့်ပြီး ၎င်းစီမံချက်ကို လက်တွေ့ထိရောက်စွာ အသုံးပြုရမည့် အချိန်တစ်ချိန်တော့ရှိရပါမည်။ စိတ်တိုင်းကျ ပြည့်စုံလုံလောက်သည့် အခြေအနေတစ်ခုသို့ ရောက်ရှိရန် သို့မဟုတ် ပြည့်စုံလုံလောက်သည့် စီမံချက်တစ်ခုရရှိရန် ဆက်လက်စောင့်ဆိုင်းနေမည်ဆိုပါက ရန်သူက အခြေအနေဖန်တီးမှုကိုရယူပြီးမိမိကိုစတင်တိုက်ခိုက်လာပါလိမ့်မည်။ မိမိကို ခံစစ်အနေအထားသို့ ရောက်ရှိစေမည်ဖြစ်သည့်အပြင် ဖျက်ဆီးချေမှုန်းပစ်ရန်လည်းလုပ်လာနိုင်ပါသည်။ အခြေအနေသုံးသပ်ခြင်းကို အလွန်အကျွံပြုလုပ်ခြင်းသည် လှုပ်ရှားမှုမပြုနိုင်သောတုံ့ဆိုင်းခြင်းကိုဖြစ်ပေါ်စေနိုင်ကြောင်းသတိပြုအပ်ပါသည်။

# “ချွေးထွက်များမှ သွေးထွက်နည်းမည်”

စစ်သားများကို လေ့ကျင့်ပေးရာတွင် သူတို့လုပ်ရမည့် အလုပ်ကို သူတို့၏ ပင်ကိုယ်စရိုက်သဖွယ်ဖြစ်လာသည်အထိ လေ့ကျင့်ပေးရပါမည်။ ထို့ကြောင့် လေ့ကျင့်ရေးနည်းလမ်းသည်တစ်ချို့တည်းသာရှိပါသည်။ စစ်သားတစ်ဦးအား သူ၏ အလုပ်ကို မည်ကဲ့သို့ပြုလုပ်ရမည်ကို ပြသပေးရမည်။ ထို့နောက်ထိုအလုပ်ကို ထပ်ကာတလဲလဲ လုပ်စေရမည်။ စစ်သားများ၏သင်ယူမှုသည် ကိုယ်တိုင်ပြုလုပ်ခြင်းဖြင့်သာ သင်ယူရမည်။ သူတို့၏ အလုပ်များကို မှန်မှန်ပြုလုပ်စေခြင်းဖြင့် သူတို့၏လုပ်ဆောင်မှုသည်ပုံမှန်အလေ့အကျင့်ဖြစ်စေရမည်။ သူတို့၏ စရိုက်လက္ခဏာအတွင်း၌ အရိုးစွဲသွားစေခြင်းဖြင့်သူတို့၏အလုပ်များကိုမျက်စိမှိတ်၍လုပ်နိုင်စေရမည်။ သတိလက်လွတ်ဖြစ်ခြင်းသို့မဟုတ် သိမှုအဆင့် ဝိုးတဝါးဖြစ်နေသည့်အချိန်တွင်ပင် လုပ်ဆောင်ရန်ရှိသည်များကိုလုပ်နိုင်လျှင်အခြားအချိန်များ၌ပိုမိုကောင်းမွန်စွာပြုလုပ်နိုင်ပါမည်။အနားတစ်ဝိုက်၌ဗုံးများပေါက်ကွဲနေခြင်း၊ ရန်သူ့လေယာဉ်မှ စက်သေနတ်ဖြင့် ဒလစပ်ဆွဲနေခြင်း၊ မိမိကို ချိန်ရွယ်၍ ပစ်ခတ်ခံရခြင်းနှင့်ပရမ်းပတာဖြစ်နေသော စစ်မြေပြင်၌ အမြဲတမ်းတွေ့နေရသော ရှုပ်ထွေးခြင်းနှင့် ဝရုန်းသုန်းကား အခြေအနေတို့အောက်တွင် တွေဝေယိမ်းယိုင်မှုမရှိဘဲ အလုပ်လုပ်နိုင်သည်အထိ စစ်သားတစ်ယောက်ကို လေ့ကျင့်ပေးထားခြင်းနှင့် လေ့ကျင့်ထားသည့်အတိုင်း စောင့်ထိန်းရန်စည်းကမ်းတင်းကျပ်ခြင်းတို့ပြုလုပ်ထားရပါမည်၊ ထို့အပြင်မည်သည့်သေခြင်းတရားကမျှ သူ၏ ရည်မှန်းချက်တာဝန် ပြီးမြောက်အောင်မြင်ရေးကို တားဆီးခြင်းမပြုနိုင်သည်အထိ စစ်သားတစ်ယောက်ကို လေ့ကျင့်ပေးထားရမည်ဖြစ်သည်။ ဇဝနဉာဏ်၏ စံ သည် တိုတောင်းတိကျခြင်းဖြစ်ပါက စစ်သားတစ်ယောက်အတွက် သင်ယူလေ့ကျင့်ခြင်း၏ အသဲနှလုံးသည် ထပ်ကာထပ်ကာ ပြုလုပ်ခြင်းပင်ဖြစ်ပါသည်။

***စာရေးသူ၏အကြံပြုချက်***။ အမေရိကန်နိုင်ငံ၏စီးပွားရေးလောကတွင် အကြီးမားဆုံးပြဿနာတစ်ခုမှာလေ့ကျင့်သင်ကြားရေး အားနည်းချက်ပင်ဖြစ်ပါသည်။ မကြာခဏတွေ့နေရသည်မှာ စီမံခန့်ခွဲရေးအပိုင်းက အလုပ်နေရာသို့ ကွင်းဆင်းလေ့ကျင့်ခြင်းကိုရှောင်ရှားလိုကြသည်။ အဘယ့်ကြောင့်ဆိုသော် ယင်းသို့လေ့ကျင့်ရခြင်းသည် အကုန်အကျများခြင်း သို့မဟုတ် အလုပ်သမားသည် ထုတ်လုပ်မှုမဖြစ်ပေါ်စေလျှင် ကုမ္ပဏီအတွက် အချိန်ကုန်မခံသင့်ဟုယူဆသောကြောင့်ဖြစ်သည်။ဤသဘောတရားကိုလက်ကိုင်ထားသောကုမ္ပဏီသည် အလုပ်သမားအသစ်များအား နဂိုကတည်းက ကျကျနနလေ့ကျင့်မထားရသောအခြားအလုပ်သမားများထံမှသင်ယူပြီးအလုပ်လုပ်ကြရ၏။မကောင်းသောအလေ့အကျင့်များကိုမူ သူတို့လက်ခံရရှိသွားကြသော်လည်း လုပ်ငန်းနှင့်ပတ်သက်၍ ပြည့်ပြည့်ဝဝမသင်ယူနိုင်ခဲ့ကြပါ။ အကယ်၍ ကုမ္ပဏီတစ်ခု၏စီမံခန့်ခွဲသူများက နည်းစနစ်အသစ်၊ ပစ္စည်းကိရိယာအသစ်များနှင့်ပတ်သက်၍စနစ်တကျသင်ကြားပေးရန်အချိန်မပေးလိုပါက၊ ထိုမိုက်မဲသောအယူအဆကို မလိုက်နာသော ပြိုင်ဘက်ကုမ္ပဏီက ရေရှည်တွင် အသာရသွားမည်မှာသေချာပါသည်။ ဝန်ထမ်းများကိုလေ့ကျင့်ပေးသောကုမ္ပဏီသည် လတ်တလောသာမက အနာဂတ်အတွက်ပါ အခွင့်အရေးအသာရရှိမည်ဖြစ်ပါသည်။ နည်းပညာများသည် အမြဲတမ်းပြောင်းလဲနေပါသည်။ စီးပွားရေးလုပ်ငန်းရှင်များသည်နည်းပညာများနှင့်အတူ လိုက်ပါပြောင်းလဲခြင်းမပြုပါက တဖြည်းဖြည်းနာကျင်မှုဝေဒနာခံစားလာရပြီး နောက်ဆုံးတွင်ပျက်စီးသွားမည်ဖြစ်ပါသည်။ ဒမ္မင်း၏ ၁၄ ချက်မှ အမှတ်(၆) နှင့် အမှတ်(၁၃)ကို ရည်ညွှန်းပါသည်။

## “မရှိလျှင်မဖြစ်သောလူမရှိပါ”

လုပ်ငန်းအစီအစဉ်အမြောက်အမြားတွင် မိမိကမည်မျှအထိ အဓိကကျသည်ကို သိလိုပါလျှင် ရေအပြည့်ရှိသော စည်ပိုင်းအတွင်းသို့ မိမိ၏လက်တစ်ဖက်ကို ပခုံးအထိရောက်အောင် ထိုးနှစ်လိုက်ပါ။ ထို့နောက်လက်ကိုပြန်ဆွဲထုတ်လိုက်ပြီးဖြစ်ပေါ်လာသောအပေါက်ကိုရှာဖွေကြည့်ပါ။ မရှိလျှင်မဖြစ်သောလူမရှိကြောင်း တွေ့ရပါမည်။ ကွပ်ကဲမှုဌာနချုပ်ထိပ်ပိုင်းတွင်ရှိသော ပုဂ္ဂိုလ်များသတိထားရမည်မှာ အချိန်သာဖြစ်ပါသည်။ တပ်မှူးတစ်ဦးသည် သူ၏တပ်သားများကို ဦးဆောင်ရန်ကိစ္စမှာ သူ၏ အလုပ်ဖြစ်သည်။ ပစ်ခတ်မှုများဖြစ်ပွားနေသောရှေ့တန်းနေရာတွင် သူရှိနေရမည်မှာလည်း သူ၏ အလုပ်ဖြစ်သည်။ ကွပ်ကဲမှုဌာနတစ်ခု၏ တာဝန်ရှိမှု၊ လိုအပ်ချက်များနှင့် ပင်ကိုယ်သဘာဝအန္တရာယ်ရှိမှုများကို လက်မခံနိုင်လျှင်တော့ ပြောစရာမလိုတော့ပါ။ ပခုံးပေါ်တွင် ကြယ်ပွင့်များစွာရှိနေသော ပုဂ္ဂိုလ်တစ်ယောက်သည် ပို၍ အရေးကြီးသည်ဟု မဆိုလိုပါ။ သူသည် ပိုမိုကောင်းမွန်သော အလုပ်တစ်ခုကို ရရှိထားခြင်းသာ ဖြစ်ပါသည်။

***စာရေးသူ၏အကြံပြုချက်***။ စီးပွားရေးပတ်ဝန်းကျင်တွင် မန်နေဂျာများစွာ(အထူးသဖြင့်ထိပ်ပိုင်းအလွှာတွင်ရှိနေကြသူများ) သည် သူတို့ကိုယ်သူတို့ လုပ်သားထုမှခွဲခြားထားပြီး သူတို့၏ အတွင်းရေးမှူးများကိုသာ ကြားခံ အဖြစ် အသုံးပြုနေကြသည်။ သူတို့သည် အရေးကြီးသော ပုဂ္ဂိုလ်များဖြစ်ကြ၍ သာမညောင်ည ဝန်ထမ်းများနှင့် အရောတဝင်နေရန်မသင့်ဟု ထင်ကြသည်။ သူတို့သည် အစားထိုး၍ မရနိုင်သူများဖြစ်၍ သူတို့တစ်ခုခုဖြစ်သွားလျှင် ကုမ္ပဏီကြီးသည်ချက်ချင်းလှုပ်ရှားမှုရပ်တန့်သွားလိမ့်မည်ဟုလည်းမြင်ကြသည်။ အမှန်တရားသည် သူတို့ထင်မြင်ချက်၏ ဆန့်ကျင်ဘက်ဖြစ်သည်။အကယ်၍ကြီးမားသော ကော်ပိုရေးရှင်းကြီးတစ်ခု၏ ဒါရိုက်တာလူကြီးများအားလုံး လေယာဉ်ပျက်ကျ၍ သေဆုံးသွားခဲ့လျှင်ပင် မူလတည်ရှိပြီးဖြစ်သော ယန္တရားကြောင့် ကုမ္ပဏီသည် အလွယ်တကူ ဆက်လက်ရှင်သန်နေနိုင်မည်ဖြစ်ပါသည်။ကုမ္ပဏီကိုဆက်လက်ရှင်သန်နေစေရန် လိုအပ်ချက်မှန်သမျှကို ပြုလုပ်ပေးကြမည့်လူများမှာဝန်ထမ်းများဖြစ်ကြပါသည်။အဖွဲ့အစည်းတစ်ခုတွင် ထိပ်ပိုင်းစီမံခန့်ခွဲသူများကို အစားထိုးရန် အချိန်အနည်းငယ်သာ လိုအပ်မည်ဖြစ်ပြီး လူသစ်များက အကြံအစည်အသစ်များဖြင့် ဝင်လာကြပါလိမ့်မည်။ ကုမ္ပဏီတွင် ဖြစ်ပေါ်လာသော ရာထူးနေရာလပ်များအတွက် ရာထူးတိုးပေးရန်ကိစ္စသည် အဆင့်အတန်းအားလုံးအတွက်ကား ကောင်းမွန်သောအခွင့်အရေးဖြစ်ပါလိမ့်မည်။

# “လူရှိနေသမျှ စစ်ပွဲသည်ရှိနေပါမည်”

တိုက်ပွဲဆိုသည်မှာ လူတိုင်းတက်ကြွစွာ ပါဝင်နိုင်သည့်အခန့်ညားဆုံးယှဉ်ပြိုင်ပွဲဖြစ်သည်။ အငြင်းပွားမှုဆိုသည်မှာလူသားမျိုးနွယ်တို့၏ အခြေခံသဘာဝတရား အစိတ်အပိုင်းတစ်ခုဖြစ်သည်။ စစ်ပွဲမရှိသည့် အချိန်တွင် အငြင်းပွားခြင်းနှင့် ယှဉ်ပြိုင်ခြင်းတို့သည် အရွယ်ရောက်ပြီးသည့် လူများအတွက် ကစားပွဲများဖြစ်သည်။ အငြင်းပွားမှုတွင် အများဆုံးလိုအပ်ချက်ရှိသူများသည် အနိုင်ရရှိရန် အကောင်းဆုံးနှင့် အပြင်းထန်ဆုံး အားထုတ်ကြပါလိမ့်မည်။ စစ်ပွဲ သို့မဟုတ် ဘော့စ်ဘောကစားပွဲ သို့မဟုတ် စီးပွားရေးလုပ်ငန်းတစ်ခုတွင်အောင်နိုင်သူသည် အောင်မြင်မှုရအောင် ကစားမည်ဖြစ်ပြီး ရှုံးနိမ့်မှုကို ရှုံမုန်းလိမ့်မည်ဖြစ်သည်။ မိမိ၏ ကွပ်ကဲမှုအောက်တွင် တာဝန်ထမ်းဆောင်သူမှန်သမျှ ကြည်ကြည်သာသာ အရှုံးပေးမည့်လူမဖြစ်စေရပါ။ကစားပွဲတစ်ခုတွင် လူတစ်ယောက်၏ရှုံးနိမ့်မှုသည်သူ၏အတ္တစိတ်ကိုသာ အမာရွတ်ဖြစ်စေသော်လည်း စစ်ပွဲတွင်မူအသက်ပေါင်းများစွာ၊ စီးပွားရေးလုပ်ငန်းများစွာ အပါအဝင် နိုင်ငံတစ်ခုလုံး ဆုံးရှုံးခြင်းဖြစ်နိုင်ပါသည်။စစ်ဆန့်ကျင်ရေးဝါဒီများကမူယခင်စစ်ကြီးပြီးကတည်းက အခြေအနေများအားလုံးပြောင်းလဲခဲ့ပြီ ယခုအခြေအနေနှင့်မတူတော့ဘူးဟူ၍သာ ပြောနေကြပါသည်။သူတို့က ကမ္ဘာကြီးငြိမ်းချမ်းရေးအတွက်အတူတကွ အလုပ်လုပ်ကြမည့် အဖွဲ့အစည်းကြီးတစ်ခုသာလိုသည်ဟု ဆိုကြပါသည်။ ရာစုနှစ်ပေါင်းများစွာ သမိုင်းကျမ်းကျေခဲ့ကြပြီးနောက် စစ်ဆန့်ကျင်ရေးဝါဒီများက သူရဲဘောနည်းစွာဖြင့် သူတို့မတိုက်ခဲ့ကြသောစစ်ပွဲများကိုအဆုံးသတ်စေရန်အတွက်မူ လူ့အသက်သောင်းပေါင်းများစွာကို သေမိန့်ချခဲ့ကြသည်။ စစ်ဆန့်ကျင်ရေးဝါဒီများသည် အဆိုးဝါးဆုံးလိမ်ညာသူများဖြစ်သည်။ မိမိနိုင်ငံအတွက်ကိုယ်တိုင်ပါဝင်တိုက်ခိုက်ရန် ငြင်းပယ်ခဲ့သည့်အပြင် ဘာကြောင့်တိုက်ခိုက်ရန်လိုအပ်သည်ဆိုသည့် အချက်ကိုလည်းကာကွယ်ထားကြသည်။

***စာရေးသူ၏ အကြံပြုချက်***။ ဤကမ္ဘာမြေပေါ်တွင်လူသားဟူ၍ရှိနေသမျှကာလပတ်လုံးအလုပ်လုပ်ရန်လိုအပ်ချက်သည် ရှိနေရမည်သာဖြစ်သည်။ စီးပွားရေးလောကတွင် အကြီးဆုံးဖြစ်နိုင်ဖွယ်ရှိသည့် ပြဿနာမှာ စီးပွားရေးလုပ်ငန်းလုပ်ရသည့် စစ်မှန်သောအကြောင်းရင်းသည် ငွေရှာခြင်းမျှသာမဟုတ်ကြောင်းနားလည်စေရန် စီမံခန့်ခွဲနိုင်သောစွမ်းရည်မရှိခြင်းပင်ဖြစ်ပါသည်။ သာမန်လူသားတစ်ယောက်အတွက် ဤစကားသည် ထူးဆန်းနေပြီး၊ ရန်လိုမှုရှိကောင်း ရှိမည်ဖြစ်သော်လည်း မှန်ကန်သောစကားဖြစ်ပါသည်။ ယနေ့စီးပွားရေးလုပ်ငန်း၏ အဓိကရည်ရွယ်ချက်သည် တီထွင်ဖန်တီးခြင်း၊ သုတေသနပြုခြင်း၊ စဉ်ဆက်မပြတ်တိုးတက်စေခြင်း နှင့် ပစ္စည်းကိရိယာများ ထိန်းသိမ်းပြုပြင်ခြင်းတို့ဖြင့် နိုင်ငံတော်အတွင်းနေထိုင်ကြသောအလုပ်သမားများအတွက်အလုပ်အကိုင်များရရှိစေရန်နှင့် စီးပွားရေးလောကအတွင်း မိမိအဖွဲ့အစည်းကို ဆက်လက်ရှင်သန်နေရန်ဖြစ်ပါသည်။ သို့သော် စီမံခန့်ခွဲသူများသည် လေးလပတ်အကျိုးအမြတ်များရရှိရေးအတွက် အထူးအလေးအနက်ထားကြပြီးနောက် ငါးနှစ် တစ်ဆယ်နှစ်ခရီးအတွက် စီမံကိန်းကို အလေးအနက်ထားမှုနည်းနေကြပါသည်။ စီးပွားရေးလုပ်ငန်းများတွင် ကျင်လည်နေကြသူအားလုံးသည် ဤတစ်ချက်တည်းကို သတိထားမိလျှင်ပင် စီးပွားရေးပြန်လည်ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ခရီးရှည်၏အစကို ရောက်ရှိပြီဟုဆိုနိုင်ပါသည်။ ဒမ္မင်း၏အချက်(၁၄)ချက်မှပထမအချက်ကိုလည်းကောင်း၊ သေကောင်ပေါင်းလဲရောဂါခုနစ်မျိုးမှ ပထမနှင့်ဒုတိယအချက်ကိုလည်းကောင်း၊ အတားအဆီးများမှ ပထမအချက်ကိုလည်းကောင်း ရည်ညွှန်းပါသည်။

## "ပြဿနာ၏အစကို နှိုးကြားစွာသတိရှိပါ"

ခေါင်းဆောင်ကောင်းတစ်ယောက်သည်မိမိ၏အဖွဲ့အစည်းအတွင်း၌ဘာတွေဖြစ်နေသည်ကိုအမြဲတမ်းသတိထား ကြည့်နေရပါမည်။ ပြဿနာတစ်ရပ်ကို ရှေ့သို့တိုးမလာမီ ရပ်တန့်သွားစေရန်အတွက် အစကတည်းကမြင်နိုင်ရမည်။ ဤသည်မှာ တပ်မှူးတစ်ဦး၏ အရေးအကြီးဆုံးတာဝန်တစ်ရပ်ဖြစ်သည်။ ပြဿနာကို အသေအချာသိရှိရန် လိုသကဲ့သို့ ပြဿနာသည်မည်သည့်နေရာ၌မြစ်ဖျားခံသည်ကိုလည်း အသေအချာသိရန်လိုပါသည်။ အရင်းအမြစ်နေရာကိုတိုက်ခိုက် ပစ်လိုက်ခြင်းဖြင့် ပြဿနာကို လမ်းတစ်ဝက်တွင်ရပ်တန့်သွားစေမည်ဖြစ်သည်။ သို့မဟုတ်ပါက ရန်သူကသင့်ကို ပတ်ပတ်လည်မှ ဒုက္ခပေးနေပြီး ပြဿနာတက်နေသောနေရာသို့သာ သင်ကတိုက်ခိုက်မိစေရန် ဖိအားပေးခြင်းဖြင့် အခြေအနေကို သူကထိန်းချုပ်နိုင်ရန်ပြုလုပ်လာလိမ့်မည်ဖြစ်သည်။ လွယ်လွယ်ရှင်းရှင်းပြောရလျှင် သင်သည်ရောဂါဖြစ် သောနေရာကိုတိုက်ခိုက်ရမည်ဖြစ်ပြီး ရောဂါလက္ခဏာကိုတိုက်ခိုက်ရန်မဟုတ်ပါ။ ရည်မှန်းချက်သည် မြွေတစ်ကောင် ၏ကိုယ်လုံးအား တဖြည်းဖြည်းချင်း ရိုက်သတ်နေရန်မဟုတ် တစ်ချက်တည်းဖြင့် ခေါင်းဖြတ်လိုက်နိုင်ရန်ဖြစ်ပါသည်။

## “မည်သည့်ပုဂ္ဂိုလ်မဆို မိမိကိုယ်ကို ထိန်းသိမ်းစောင့်ရှောက်နေခြင်း၊ လေ့လာသင်ယူနေခြင်းနှင့် ထာဝရမပြောင်းမလဲသော ဆန္ဒရှိနေမည်ဆိုလျှင် ကြီးမြတ်သောလူတစ်ယောက်ဖြစ်လာနိုင်သည်”

အလုပ်ကိုပြင်းပြင်းထန်ထန်လုပ်လိုသော စိတ်ဆန္ဒရှိသည့်အပြင် သူရွေးချယ်သော လုပ်ငန်းနယ်ပယ်တွင် အကောင်းဆုံးဖြစ်စေရန် အဆက်မပြတ်ကြိုးစားအားထုတ်မှုရှိလျှင် ထိုလူအတွက် ကြီးမြတ်သော ဂုဏ်သတင်းရရှိရန် အလားအလာရှိပါသည်။ သို့ရာတွင် ကြီးမြတ်ခြင်းဆိုရာ၌ လူအများ၏ အသိအမှတ်ပြုခံရခြင်း သို့မဟုတ် ချမ်းသာကြွယ်ဝခြင်းသို့မဟုတ်ထင်ပေါ်ကျော်ကြားခြင်းတို့ အမြဲတမ်းပါဝင်ခြင်းမရှိသည်ကိုလည်းသတိပြုရန်လိုပါသည်။ လူတစ်ချို့က မမှန်မကန်ယုံကြည်ကြသည်မှာ ကြီးမြတ်ခြင်းဆိုရာ၌ သမိုင်းတွင် အထင်ကရ သို့မဟုတ် အလေးအနက်မော်ကွန်းတင်ခံရခြင်းကိုဆိုလိုသည်ဟု ထင်နေကြသည်။ ကြီးမြတ်သောလူများစွာတို့သည် ကြီးမြတ်သည်ဟု မှတ်ယူခြင်းခံရမည့် နေရာနှင့်အချိန်တို့တွင် တိတိကျကျရောက်ရှိမနေကြပါ။ သူတို့သည် သမိုင်းတွင်မှတ်တမ်းတင်ခံနိုင်လောက်သော ထိုက်တန်သည့်တာဝန်များကိုထမ်းဆောင်မှုများပြုခဲ့ကြသော်လည်းကံမကောင်းရှာကြပါ။မည်သို့ပင်ဖြစ်စေသူတို့၏တစ်သမတ်တည်းလုပ်ဆောင်မှုစိတ်ဓါတ်နှင့်စဉ်းစားတွေးခေါ်ရာတွင် တည်ငြိမ်ရင့်ကျက်မှု၊ ကိုယ်ကျင့်တရားအားကောင်းမှုပန်းတိုင်နှင့်ရည်မှန်းချက်များအပေါ် အာရုံစူးစိုက်မှုတို့သည် သူတို့အား ကြီးမြတ်မြဲ ကြီးမြတ်စေပါသည်။

***စာရေးသူ၏အကြံပြုချက်***။ စီးပွားရေးလောကတွင် စီမံခန့်ခွဲမှုအပိုင်းက နားလည်ရမည်မှာ လုပ်ငန်းတစ်ခုကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်နိုင်ခြင်း၊ လေ့လာသင်ယူခြင်းနှင့် အရည်အချင်းကောင်းမွန်သော ထုတ်ကုန်ပစ္စည်းကို ဖန်တီးရန် နှင့် ရောင်းချနိုင်ရန်ထာဝရမပြောင်းလဲသော ဆန္ဒရှိရပါမည်။ ထုတ်ကုန်၊ ဝန်ဆောင်မှုနှင့်ထုတ်လုပ်မှုလုပ်ငန်းစဉ်တို့ကိုတိုးတက်ကောင်းမွန်နေစေရန်အမြဲတမ်းကြိုးစားအားထုတ်နေခြင်းမှလွဲ၍ အခြားရွေးချယ်စရာနည်းလမ်းမရှိပါ။ စီမံခန့်ခွဲမှုသည် အလုပ်များစောစီးစွာပြီးစီးစေရန် လောနေရုံမျှဖြင့်မလုံလောက်ပါ။ ကမ္ဘာတစ်ဝန်းယှဉ်ပြိုင်သူများကို အမှီလိုက်နိုင်ရန် ပိုမိုအရည်အသွေးကောင်းမွန်သော ထုတ်ကုန်ပစ္စည်းများကို သူများထက်သာအောင် လုပ်နိုင်ရပါမည်။ ဤအလုပ်သည် ဘယ်တော့မျှမပြီးဆုံး၊ ဘယ်တော့မျှရပ်နားထားရမည့်အလုပ်မဟုတ်ပါ၊ စီမံခန့်ခွဲသူများသည် ဤအခြေအနေကိုကောင်းစွာနားလည်လက်ခံနိုင်မှသာ ယှဉ်ပြိုင်မှုအတွင်း ပျက်စီးခြင်းမှကာကွယ်နိုင်ပါမည်။ ဒမ္မင်း၏ ပဥ္စမအချက်ကိုရည်ညွှန်းပါသည်။

## “မိမိလိုအပ်သမျှလုပ်ပေးနေသော ကွပ်ကဲမှုအောက်မှ လူများအတွက် ဘာမဆိုလုပ်ပေးပါ”

လက်အောက်စစ်သည်များနှင့်အတူ ဘေးဥပါဒ်အန္တရာယ်နှင့်ကြမ်းတမ်းသောအခြေအနေများကို မျှဝေခံစားခြင်း မရှိသော အရာရှိများလောက် တပ်ဖွဲ့၏ စိတ်ဓါတ်ကိုခါးခါးသီးသီးချိုးဖောက်ရာ သို့မဟုတ် ဖျက်ဆီးပစ်ရာရောက်သော အရာမရှိပါ။ ရုံးခန်းအတွင်း၌ လူတစ်ယောက်က သက်တောင့်သက်သာထိုင်နေစဉ် သူ၏လူများက ရှေ့တန်းစစ်မျက်နှာတွင် သေခြင်းတရားနှင့် ရင်ဆိုင်နေရခြင်း၊ ပုံပျက်ပန်းပျက်အပန်းတကြီး အလုပ်လုပ်နေရခြင်းနှင့် ဒုက္ခအမျိုးမျိုး အဆက်မပြတ်ခံစားနေရခြင်းတို့ဖြစ်နေလျှင် ထိုလူသည်မည်သည့်ကွပ်ကဲမှုတာဝန်နှင့်မျှ မထိုက်တန်ပါ။ ဤကဲ့သို့သော ကိစ္စမျိုးသည် ကွပ်ကဲမှုဌာနချုပ်ထိပ်ပိုင်းအဆင့်သို့ ရောက်ရှိနေကြပြီး သူတို့သေသွားခဲ့သော် အရာအားလုံးသည်ပြိုလဲသွားမည်ဖြစ်၍ သူတို့သည် အလွန်အရေးကြီးသော မရှိမဖြစ်ပုဂ္ဂိုလ်များဖြစ်သည်ဟု ထင်နေကြသော လူများနှင့် အထူးသဖြင့်သက်ဆိုင်ပါသည်။ထိုလူများသည် စိတ်ကြီးဝင်နေကြပြီး ဟိတ်ဟန်လုပ်နေသော ရူးသွပ်သူများသာဖြစ်ပါသည်။ ထိပ်တန်းအရာရှိကြီးတစ်ယောက် သေဆုံးသွားခဲ့သော် တပ်မတော်တစ်ရပ်လုံးအတွက် လိုအပ်နေသော ရာထူးတိုးတက်မှုဖြစ်စဉ်တစ်ခု ပေါ်ပေါက်လာမည်သာဖြစ်ပါသည်။ မိမိအားရှေ့တန်းနေရာများသို့ ဘာကြောင့်သွားရသလဲဟု မေးလာတိုင်း မိမိကပြန်ဖြေသောအဖြေမှာ ‘‘ရန်သူ၏ပစ်ခတ်ခြင်းမျှမခံရဘူးလျှင် တပ်မှူးလုပ်လို့ ဘယ်ကောင်းပါ့မလဲ’’ ဟူ၍ဖြစ်၏။

## "လိုအပ်သည်ထက်ပိုလုပ်ပါ"

မိမိအလုပ်အတွက်ဤ၍ဤမျှ လုပ်ပြီးလျှင်လုံလောက်ပြီဟူ၍လည်းကောင်း၊ ပြီးပြည့်စုံပြီဟူ၍လည်းကောင်း၊ မည်သည့်အခါမျှမယူဆပါနှင့်။ အောင်မြင်မှုအတွက် သေချာစေရန်အထောက်အပံ့ဖြစ်စေမည့် လုပ်ငန်းတစ်စုံတစ်ခုသည် အမြဲတမ်းရှိနေပါသည်။ မိမိကစတင်လုပ်ဆောင်ရမည့် အလုပ်အတွက်အခြားမည်သူ့တွင်မဆိုတာဝန်မရှိပါ။မိမိကိုယ်တိုင်ကိုယ့်ကိုယ်ကိုယ်စတင်လုပ်ဆောင်ရန်စေ့ဆော်နိုင်သူဖြစ်ရပါမည်။ တစ်နည်းအားဖြင့် မိမိသည်ကိုယ်တိုင် အလုပ်လုပ်ရန် အစပျိုးစေတတ်သော မီးစကလေးကိုပိုင်ဆိုင်သူဖြစ်ရပါမည်။ ဤအချက်သည်ပင်ခေါင်းဆောင်နှင့်နောက်လိုက်ငယ်သားကွာခြားချက်ဖြစ်သည်။ ကိုယ့်ကိုယ်ကိုယ်စေ့ဆော်နိုင်သော စိတ်ဓါတ်သည် မည်သူထက်မဆို ခြေလှမ်းတစ်လှမ်းသာနေစေရန်လည်းကောင်း၊ လူအများထက်ခေါင်းတစ်လုံးနှင့်ပခုံးနှစ်ဖက်မြင့်နေစေရန်လည်းကောင်း အခရာဖြစ်သည်။ စတင်လုပ်ဆောင်မိပြီဆိုလျှင်လည်း ရပ်မနေပါနှင့်တော့။ ပိုမိုကောင်းမွန်သော အခြေအနေတစ်ရပ်ဖြစ်ပေါ်စေနိုင်ရန် ပြုလုပ်နိုင်သည့် အခွင့်အရေးကို အမြဲစောင့်ကြည့်နေပါ။

## "ရှုံးနိမ့်မှုကိုမကြောက်ပါနှင့်"

အချိန်တိုင်းတွင်ရာနှုန်းပြည့်မှန်ကန်နေစေရန် မည်သူကမျှ မပြုလုပ်နိုင်ပါ။ ရရှိသော အချိန်ကာလတစ်ခုအတွင်း အကောင်းဆုံးသော ဆုံးဖြတ်ချက်တစ်ခုကို ပြုလုပ်ရန် အကောင်းဆုံးနည်းလမ်းမှာ လက်ဝယ်ရောက်ရှိလာသော လတ်တလော သတင်းအချက်အလက်များနှင့် မိမိ၏ အတိတ်ကာလက အတွေ့အကြုံ၊ သမိုင်းဆိုင်ရာအသိပညာတို့ကို ပူးတွဲအသုံးချရန်ဖြစ်ပါသည်။ထိုသို့ပြုသည့်တိုင် မိမိကရှုံးနိမ့်ခဲ့မည်ဆိုလျှင်(ရှုံးလည်းရှုံးနိုင်ပါသည်)၊ယင်းသည် အကောင်းဆုံးသင်ယူရန်အတွေ့အကြုံဖြစ်ပါသည်။ ထိုအတွေ့အကြုံမှ မိမိရရှိနိုင်သည်မှာ မည်သည့်အခြေအနေ၌ မည်သည့်အလုပ်ကို မလုပ်သင့်ကြောင်း အနည်းဆုံး သိရှိနိုင်မည်ဖြစ်သည်။ ရှုံးနိမ့်ခြင်းကို ကြောက်ရွံ့နေပါက တွက်ချက်ပြီး စွန့်စားမှု ပြုလုပ်ရမည့် ကွဲပြားခြားနားသော ဆုံးဖြတ်ချက်တစ်ခုကို မည်သည့်အခါမျှ ပြုလုပ်နိုင်မည်မဟုတ်ပါ။ ရှုံးနိမ့်ခြင်းကို ကြောက်ရွံ့ခြင်းဖြင့် မိမိသည်ရှုံးနိမ့်ခြင်းလုံးဝမရှိဘဲ အောင်မြင်မှုကိုရရှိစေမည့်နည်းလမ်းကို သတိကြီးစွာထား၍ ကြိုးစားအားထုတ်သော လူတစ်ယောက်ဖြစ်လာပါလိမ့်မည်။ သို့သော်ဤနည်းဖြင့် စစ်မှန်သောအောင်မြင်မှုကို မည်သည့်အခါမျှ မရနိုင်သည့်အပြင် အဆုံးအဖြတ်ပေးသောအောင်မြင်မှုကိုလည်း မရနိုင်ပါ။ အလုပ်လုပ်ရာတွင် ချို့ယွင်းချက်အပြစ်အနာအဆာလုံးဝမရှိသော လူတစ်ယောက်သည် မည်သည့်အလုပ်ကိုမျှ မလုပ်သောလူတစ်ယောက်သာဖြစ်နိုင်သည်။ ဤသည်မှာ အကြီးမားဆုံးချို့ယွင်းချက်အပြစ်အနာအဆာကြီး မဟုတ်ပါလော။

## “မိမိအပြစ်ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ ခွင့်မလွှတ်ပါနှင့်”

မိမိမှန်သည်ထင်သည့်အလုပ်ကိုလုပ်ပါ။ ၎င်းအတွက်တောင်းပန်စရာမလိုပါ။ မိမိကိုယ်ကိုလည်းကောင်း မိမိ၏ ဆုံးဖြတ်ချက်ကိုလည်းကောင်း ခုခံကာကွယ်ပြောရန်မလိုသကဲ့သို့ မှန်ကန်ကြောင်းသက်သေပြရန်လည်းမလိုပါ။ မိမိ၏ လုပ်ဆောင်ချက်သည်ပန်းတိုင်အထိမရောက်ခဲ့လျှင်တော့ဝန်ခံပါ။ ယင်းအတွေ့အကြုံကို မိမိ၏မှတ်ဉာဏ်တွင်သိမ်းဆည်း ထားပါ။လုပ်ဆောင်ရန်စီမံချက်ကိုဆက်လက်ပြုလုပ်ပါ။ တာရှည်ခံအောင် ကာကွယ်ထိန်းသိမ်းပါ။ တပ်မှူးတစ်ယောက် သည် မကြာခဏဆိုသလို အကြိတ်အနယ်ဖွဲ့သန်သန်ဖြင့် တိုက်ပွဲကိုဆင်နွှဲနိုင်မှ အောင်မြင်ပါသည်။ လူ့ဘဝ၌ အမြဲတမ်း တရားမျှတလိမ့်မည်ဟုမမျှော်လင့်ပါနှင့်။ကံကြမ္မာကလည်း မိမိဘက်တွင်အမြဲရှိလိမ့်မည်ဟုမထင်ပါနှင့်။ မိမိ၏စွမ်းဆောင် ရည်ဖြင့်သာ ထိုမမျှတသောအခြေအနေနှင့် ဆိုးဝါးသော ကံကြမ္မာကို ကုစားနိုင်ရပါမည်၊ အမှားအယွင်းများကို ဝန်ခံပါ၊ ယင်းတို့ထံမှသင်ယူပါ၊ နောက်ထပ်တိုက်ပွဲအသစ်သို့ အာရုံစူးစိုက်ပါ။

## “ကြောက်စိတ်နှင့်ဆွေးနွေးတိုင်ပင်ခြင်းမလုပ်ပါနှင့်”

‘‘ရှုံးနိမ့်မှုကို မကြောက်ရွံ့ရန်’’ အဆိုစကားအား ထပ်မံပြောကြားသကဲ့သို့ ထင်ရသော်လည်း အဓိပ္ပါယ်နှင့် ဆက်စပ်အကြောင်းချင်းရာလုံးဝကွဲပြားပါသည်။ ဤအမှာစကား၏ ဆိုလိုရင်းမှာ ကြောက်စိတ်က မိမိ၏လုပ်ဆောင်ချက်အပေါ် ဩဇာမပေးစေရန်ဖြစ်သည်။ တစ်စုံတစ်ခုဖြစ်တော့မည်ဟု မိမိက ကြောက်ရွံ့နေလျှင် ထိုသို့ကြောက်ရွံ့ခြင်းကို တုံ့ပြန်သောအစီအစဉ်များပြုလုပ်ခြင်းဖြင့် ကြောက်စိတ်ကမိမိ၏ လှုပ်ရှားဆောင်ရွက်ချက်နှင့် မိမိကပေးမည့် အမိန့်တို့ကိုထိန်းချုပ်လာနိုင်စေသည်။ ဤအခြေအနေသို့ရောက်လာပြီဆိုလျှင် မိမိကတပ်ဖွဲ့ကိုထိန်းကျောင်းခြင်းမပြုနိုင်တော့ပါ။ကြောက်စိတ်ကသာထိန်းကျောင်းနေပြီဖြစ်သည်။ ကြောက်စိတ်သည် အသုံးမကျသော၊တာဝန်မဲ့သော၊ ရူးသွပ်သောအလုပ်များကို မိမိအားလုပ်ခိုင်းပါလိမ့်မည်။ မိမိ၏ကြောက်ရွံ့စိတ်နှင့် ဆွေးနွေးတိုင်ပင်ခြင်းမပြုမှသာ မိမိ၏ ပန်းတိုင်များနှင့် ရည်မှန်းချက်များသို့ မိမိ၏ ကိုယ်ပိုင်စီမံချက်များဖြင့် သွားရောက်နိုင်ပါမည်။ ရန်သူနှင့်တိုက်ခိုက်ခြင်းမပြုဘဲ မိမိ၏ ကြောက်စိတ်နှင့်တိုက်ခိုက်နေခြင်းဖြင့် ကိုယ့်ကိုယ်ကိုယ်အရှုံးမလုပ်ပါနှင့်။

***စာရေးသူ၏အကြံပြုချက်***။ စီးပွားရေးအသိုက်အဝန်းတွင်မရှိမဖြစ်အရေးကြီးသောအခြေခံအချက်မှာ စီမံခန့်ခွဲမှုသည် ကြောက်စိတ်နှင့် ကြောက်လန့်ခြင်းအပေါ်တွင်အခြေခံသောစီးပွားရေးလုပ်ငန်းမလုပ်ရန်ဖြစ်သည်။ ဝန်ထမ်းများက စီမံခန့်ခွဲမှုအပိုင်း၏ တုံ့ပြန်အရေးယူဆောင်ရွက်မှုကို ကြောက်လန့်ပြီးမေးခွန်းများမေးခြင်း၊ အကြံများပေးခြင်း မပြုသည့်ဖြစ်စဉ်များစွာရှိပါသည်။ မကြာခဏဆိုသလို သူတို့သည်မှားယွင်းသော အလုပ်တစ်ခုကို အကူအညီတောင်းခံခြင်းမပြုဘဲ ဆက်လုပ်နေကြပါသည်။အပြစ်တင်ခံရမည်ကို စိုးရိမ်သဖြင့် ပြဿနာတက်နေသော်လည်း စီမံခန့်ခွဲသူများကိုမပြောရဲပါ။ ဝန်ထမ်းများ၏စိတ်ထဲတွင် သူတို့၏အလုပ်အကိုင်အတွက်လုံခြုံစိတ်ချရမှုရှိသည်ဟုခံစားရမှသာ ပြဿနာနှင့်ပတ်သက်၍ ပွင့်ပွင့်လင်းလင်းထုတ်ပြောကြပါလိမ့်မည်။ သူတို့သည် စီးပွားရေးလုပ်ငန်းစဉ်၏ အစိတ်အပိုင်းဖြစ်ရမည်၊ စီးပွားရေးလုပ်ငန်းစဉ်ကို ကြောက်ရွံ့နေသူများမဖြစ်စေရပါ။ ဒမ္မင်း၏ အမှတ်(၈) အချက်ကို ရည်ညွှန်းပါသည်။

## “မိမိ၏တာဝန်ကိုမိမိသိမြင်သည့်အတိုင်း ထမ်းဆောင်ပါ၊ အကျိုးဆက်များကိုဂရုမစိုက်ပါနှင့်”

ဤအမှာစကားကို မလုပ်ဆောင်နိုင်သေးမီ မိမိ၌မှန်ကန်စွာရပ်တည်နိုင်သော ကိုယ်ကျင့်သတ္တိရှိရန်လိုပါသည်။ တပ်မှူးတစ်ယောက်အတွက်အကြီးမားဆုံးဆုံးရှုံးမှုသည် ကိုယ်ကျင့်သတ္တိမရှိခြင်းပင်ဖြစ်ကောင်းဖြစ်နိုင်ပါသည်။မိမိသည် ကိုယ့်ကိုယ်ကိုယ်ပိုင်ဆိုင်သောလူတစ်ယောက်သာဖြစ်ရပါမည်။ မိမိ၏ ကိုယ်ပိုင်ဆုံးဖြတ်ချက်များ ကိုချမှတ်နိုင်ရမည်။ ထိုဆုံးဖြတ်ချက်များအတိုင်း ရပ်တည်ရဲသောသတ္တိရှိရမည်။ဤကဲ့သို့မလုပ်နိုင်ပါကကွပ်ကဲမှုတာဝန် နှင့် မထိုက်တန်ပါ။ ကိုယ်ကျင့်သတ္တိလျော့နည်းသော တပ်မှူးများသည် လူသတ်သမားများဖြစ်လာရန် အလားအလာ ရှိသူများထက်ဘာမျှမပိုပါ။

## "ခေါင်းဆောင်တိုင်းတွင်တာဝန်နှင့်လျော်ညီသော လုပ်ပိုင်ခွင့်ရှိရမည်"

လုံလောက်သောလုပ်ပိုင်ခွင့်မရှိဘဲ လူတစ်ယောက်တွင် သူ၏ ရည်မှန်းချက်တာဝန်ကို ပြီးမြောက်အောင်မြင်စွာ ဆောင်ရွက်ရန် နည်းလမ်းမရှိပါ။ အလားတူ ထိခိုက်နစ်နာစေသည့် အခြေအနေတစ်ရပ်မှာ အထက်ဌာနချုပ်များအနေ ဖြင့်လည်း လက်အောက်ငယ်သားများ၏ တာဝန်ထမ်းဆောင်မှုအပေါ် ကြိုတင်တွက်ချက်ရန်ခက်ခဲခြင်းဖြစ်ပါသည်။ အကယ်၍ လူတစ်ယောက်သည် လုံလောက်သော လုပ်ပိုင်ခွင့်မရှိလျှင်ဖြစ်စေ၊ အထက်လူကြီး၏ မကြာခဏမေးခွန်း ထုတ်ခြင်းသို့မဟုတ် စိစစ်ခြင်းခံနေရလျှင်ဖြစ်စေ ထိုလူသည်နောက်ဆုံးတွင် အလုပ်လုပ်တော့မည်မဟုတ်ချေ။ အထက် ကခိုင်းသည့်အတိုင်းလုပ်ခဲ့ပြီးမှ အပြစ်တင်ခံနေရလျှင်သော်လည်းကောင်း၊ မိမိထုတ်ပြန်ခဲ့သည့် အမိန့်များသြဇာအာဏာ အစစ်အမှန်သက်ရောက်မှုမရှိလျှင်သော်လည်းကောင်း ဘာကိုစိုးရိမ်သောကဖြစ်စရာလိုပါတော့မည်နည်း။ ယင်းကဲ့သို့ စိတ်ပျက်စရာကောင်းသောအခြေအနေတစ်ခုတွင် သာမန်လူတစ်ယောက်အဖို့ မိမိကိုယ်မိမိယုံကြည်မှုနှင့် တက်ကြွမှု တို့သည် တစ်စတစ်စ ဆုတ်ယုတ်ပျက်ပြားစေလိမ့်မည်ဖြစ်သည်။ စစ်မြေပြင်တွင် ရောက်ရှိနေသော လူကသာလက်ရှိ အခြေအနေနှင့်တကွ ဘာတွေဖြစ်နေသည်ကို အမှန်တကယ်သိရှိနိုင်ပြီး အမှားအယွင်းများကိုပြုပြင်ခြင်းနှင့် အခွင့်အရေး များကိုအမြတ်ထုတ်ခြင်းတို့လုပ်နိုင်ပါမည်။ ထို့ကြောင့်လူတစ်ယောက်ကို လုပ်ငန်းတာဝန်တစ်ခုပေးအပ်ပြီး ပြီးဆိုလျှင် သူဘာသာ သူလုပ်နိုင်ရန်လွှတ်ထားလိုက်ပါ။ သူ့အလုပ်ကိုသူလုပ်နိုင်ရန် အခွင့်အာဏာပေးပြီးနောက် သူ့ဘာသာသူ ဆုံးဖြတ်ပါစေ။ သူလုပ်နေသောအလုပ်ကိုဝင်မရှုပ်မိအောင်နေပါ။ သူလုပ်ပုံကိုင်ပုံကို မကြိုက်ပါက သူကိုဖယ်ရှားပြီး အခြားတစ်ယောက် တာဝန်ပေးပါ၊ သို့မဟုတ် မိမိကိုယ်တိုင် ကွပ်ကဲမှုရယူဆောင်ရွက်ပါ။ ထိုသို့ပြုလုပ်လိုက်လျှင် လူများစွာတို့၏စိတ်အားတက်ကြွမှု၊စည်းစားဉာဏ်ရှိမှုနှင့် သန္နိဋ္ဌာန်စိတ်ဖြင့်လုပ်ဆောင်မှုတို့ကို အံ့အားသင့်လောက်အောင် တွေ့လာရမည်ဖြစ်ပါသည်။

## “ဂုဏ်သတင်းသည် ပုန်းကွယ်နေသူအား မည်သည့်အခါမျှလိုက်ရှာလေ့မရှိပါ”

သတ္တိမရှိလျှင် ထင်ပေါ်ကျော်ကြားမှုမရှိနိုင်ဟု တိုတိုနှင့်လိုရင်းပြောနိုင်ပါသည်။ မိမိကိုယ်မိမိကြော်ငြာခြင်းသည် ဘာမျှအမှားအယွင်းမရှိပါ၊ အဘယ်ကြောင့်ဆိုသော် သင့်အတွက်မည်သူကမျှလာ၍ကြော်ငြာပေးမည်မဟုတ်သောကြောင့် ဖြစ်သည်။ ထောင့်တစ်ထောင့်တွင်ငြိမ်ငြိမ်ကလေးထိုင်နေပြီး လူသိခံချင်နေ၍မရပါ။ အကျယ်ကြီးအော်ပြောနေရန်လည်း မလိုပါ။ ရိုင်းစိုင်းခြင်း၊ ရန့်ရင်းကြမ်းတမ်းခြင်း သို့မဟုတ် ကြမ်းပြရိုင်းပြခြင်းပြုလုပ်ရန်လည်းမလိုပါ။ သို့သော် မိမိ၏အမြင်များကို လူအများက အသေအချာကြားသိစေရမည်၊ မိမိရှိနေကြောင်းကိုလည်း သိစေရမည်ဖြစ်ပါသည်။ မေးစရာရှိလျှင်မေးပါ၊ ကြည့်ရှု လေ့လာစရာရှိလျှင်ကြည့်ရှုပါ၊ ဆွေးနွေးပွဲတွင်ပါဝင်ဆွေးနွေးပါ၊ လူတိုင်းက မိမိအမည်ကို သိနေပြီး မိမိသည် ဤအရေးကိစ္စ၌ပါဝင်နေကြောင်းကိုလည်း သိစေရပါမည်။ ထင်ပေါ်ကျော်ကြားသော အလင်းရောင် အောက်တွင် တစ်နှစ်နေရခြင်းသည် ပုဏ္ဏားကွယ်နောက်၌ တစ်သက်လုံးနေရသည်ထက် သာလွန်ကောင်းမွန်ပါသည်။

## “ပင်ကိုယ်ထူးချွန်မှုဆိုသည်မှာ အောက်ဆုံးအသေးစိတ်အထိ ဂရုစိုက်နိုင်သော စွမ်းရည်မှ ဖြစ်ပေါ်လာသည်”

အမိန့်ထုတ်ပြန်ပြီးနောက် ဌာနချုပ်များတွင် ဖဲကစားနေကြသော တပ်မှူးများသည် အောင်မြင်မှုမရရှိနိုင်သော တပ်မှူးများဖြစ်ကြသည်။ သူတို့က အမိန့်ထုတ်ပြန်ပြီးသည်နှင့် အရာရာသည် သူ့နေရာနှင့်သူ အံဝင်ဂွင်ကျဖြစ်သွားပြီး တိုက်ပွဲများကလည်း သူတို့ပြောခဲ့သည့်အတိုင်း ဖြစ်လာလိမ့်မည်ဟု ယုံကြည်နေကြ၏။ အားလုံးသည် သူတို့၏ စီမံချက်အတိုင်းဖြစ်လာမည်ဟု မျှော်လင့်ထားကြသည်။ ဤအချက်သည် လက်တွေ့မကျသည့်အပြင် မိုက်မဲမှုလည်းဖြစ်၏။ အောင်မြင်သောခေါင်းဆောင်တစ်ယောက်သည် အမိန့်ထုတ်ပြန်ပြီးသည်နှင့် လက်တွေ့လိုက်နာဆောင်ရွက်ခြင်းရှိမရှိ သေချာစေသည့်အပြင် စီမံချက်အတိုင်း အလုပ်ဖြစ်နေခြင်းရှိမရှိကိုလည်း စစ်ဆေးရသည်။ တစ်စုံတစ်ခုလွဲမှားသွားလျှင် သို့မဟုတ် အခြေအနေတစ်ရပ်ပြောင်းလဲသွားလျှင် တပ်မှူးသည် ချက်ချင်းသတိပြုမိရမည်ဖြစ်ပြီး သူ၏ အမိန့်များကိုလည်း လက်ငင်းအခြေအနေကို တုံ့ပြန်သောအားဖြင့် ပြောင်းလဲပေးရသည်။ အလျင်အမြန်လိုက်နာဆောင်ရွက်ရန်လိုအပ်လျှင် စာဖြင့်ရေးသားထုတ်ပြန်ထားသောအမိန့်ကို နှုတ်မိန့်ဖြင့် ကျော်လွှန်ပယ်ဖျက်ပြီး အသစ်ထုတ်ပြန်ရသည်။ နှုတ်ဖြင့်အမိန့်ပေးသည့်အခါ လက်အောက်တပ်မှူးအား နားလည်မှုသေချာစေရန် အတွက် မိမိထံအမိန့်ကို ပြန်လည်ရွတ်ဆိုပြစေရသည်။ မည်သည့်အခါမျှ ပြီးစလွယ်ဆုံးဖြတ်ချက်မချရသကဲ့သို့ နားလည်လောက်ပြီဟု ယူဆချက်လည်း မလုပ်ရပါ။ လုပ်ရမည့်လုပ်ငန်းစဉ်အတိုင်း အတိအကျ လိုက်နာဆောင်ရွက်ရန်လိုပါသည်။

## “ထိုက်တန်သော လူကိုချီးကျူးဂုဏ်ပြုပါ”

အချက်နှစ်ချက်ကိုဆိုလိုပါသည်။ ပထမအချက်မှာ လူတစ်ယောက်ကို သူ၏လုပ်ဆောင်ချက်ကောင်းကြောင်း ပြောပြရန် ဖြစ်သည်။ ကောင်းမွန်သောစစ်သားတစ်ယောက်ကို သူ၏စွမ်းဆောင်မှုအတွက် ချီးကျူးဂုဏ်ပြုရပါမည်။ သူသည် ကောင်းမွန်သောလုပ်ဆောင်ချက်တစ်ရပ်ကို ပြုလုပ်ခဲ့ကြောင်း အခြားလူများက အသေအချာသိရှိစေရမည်ဖြစ်ပြီး ထိုသို့ချီးကျူးဂုဏ်ပြုမှုသည် သူ၏ စစ်မှုထမ်းရာဇဝင်တွင် ပါရှိသွားစေရပါမည်။ ဒုတိယအချက်မှာ ထိုက်တန်သော လူကိုချီးကျူးဂုဏ်ပြုခြင်းသည် မိမိရဲဘော်များ၏လုပ်ဆောင်ချက်ကြောင့် မိမိကဂုဏ်ပြုခံသူ ဖြစ်သွားလောက်အောင် သိမ်ဖျင်းခြင်းမရှိစေရန်ဖြစ်သည်။ လူတစ်ချို့သည် ရဲဘော်များထံမှ အကြံဉာဏ်များကို နားထောင်သည်၊ မကောင်းဘူးဟုပြောသည်။ထို့နောက်သူတို့ကိုယ်ပိုင်အကြံဉာဏ်ဖြစ်အောင် လုပ်ပစ်တတ်ကြသည်။ ဤပုဂ္ဂိုလ်များသည် အရှက်မရှိလူများဖြစ်ကြသည်။ ပို၍ဆိုးသည်မှာ ရဲဘော်တစ်ယောက်၏ကောင်းမွန်သော လုပ်ဆောင်ချက်နှင့်ကောင်းမွန်သော အကြံဉာဏ်များကို တွေ့ရှိရသောအခါ မိမိကိုယ်တိုင်အနည်းငယ်ပါဝင်လုပ်ဆောင်ခြင်းဖြင့် နှမ်းဖြူးသောလူများဖြစ်၏။ ရဲဘော်၏အလုပ်တွင်ပါဝင်ခြင်းမှာ သူ၏အလုပ်နှင့်အလုပ်ကြောင့်ရရှိမည့်ဂုဏ်ပြုခံရမှုကိုခိုးယူခြင်းသာဖြစ်သည်။ ဤကဲ့သို့သောမရိုးသားသည့်လိမ်ညာသူများသည်အလိမ်ခံရသောရဲဘော်များထက်ရာထူးကြီးလေ့ရှိကြသည်။ရာထူးကွာခြားချက်ကြောင့် သူတို့၏လိမ်ညာမှုကို အကာအကွယ်ရလိမ့်မည်ဟု သူတို့က တွက်ထားကြသည်။ ဤကဲ့သို့သော သူခိုးများဘေးမှကာကွယ်ရန်ရဲဘော်များသည်နေ့စဉ်မှတ်တမ်းရေးထားသင့်သည်၊ မိမိ၏အကြံဉာဏ်များနှင့်အတွေးများကို ရက်စွဲ၊ အချိန်များနှင့်တကွ ရေးချထားရမည်။ ဤနည်းဖြင့် မိမိ၏အကြံဉာဏ်များကိုခိုးယူခံရခြင်းမှ မကာကွယ်နိုင်သော်လည်း၊ ယင်းအကြံဉာဏ်များသည် မူလပထမ မိမိအပိုင်ဖြစ်ကြောင်းကိုကား သက်သေအထောက်အထားဖြစ်စေပါသည်။

## "ရှေ့သို့ဆက်လက်ချီတက်ပါ"

စစ်စကားနှင့်ဆိုရလျှင်ဘယ်တော့မျှနောက်ပြန်မဆုတ်ရန်ဖြစ်သော်လည်း စဉ်းစားထိုက်သော အခြားနည်းလမ်းများလည်းပါဝင်ပါသည်။အတိတ်ကာလကလုပ်ဆောင်မှုများကိုအတွေ့အကြုံအနေဖြင့်သာရှုမြင်ရန်လိုအပ်ပါသည်။အတိတ်ကာလက မိမိမှန်မှန်ကန်ကန် မလုပ်နိုင်ခဲ့သောကိစ္စများ သို့မဟုတ် ပြီးပြည့်စုံအောင်မလုပ်ဆောင်နိုင် ခဲ့မှုများနှင့်ပတ်သက်၍နောင်တရစရာအကြောင်းများရှိကောင်းရှိနေနိုင်ပါသည်။ သို့သော်ဤကိစ္စများအပေါ် တဝဲလည်လည် မဖြစ်စေရပါ။ယင်းသို့ဖြစ်ခဲ့လျှင် ဆန့်ကျင်ဘက်အကျိုးသက်ရောက်မှုဖြစ်စေပါသည်။ အတိတ်ကာလတွင်သာ ကျန်နေရစ်ခဲ့သူများအတွက် ပျက်စီးဆုံးရှုံးရန် ကြမ္မာဖန်လာစေပါသည်။ ကမ္ဘာကြီး၏ပုံမှန်လည်ပတ်နေမှုသည် မိမိကိုစောင့်ဆိုင်းရန်ခေတ္တရပ်ဆိုင်းပေးခြင်း သို့မဟုတ် နှေးကွေးစေခြင်းဖြစ်လာလိမ့်မည်မဟုတ်ပါ။ မိမိသည် ကမ္ဘာ၏တိုးတက်မှုနှင့်ရင်ဘောင်တန်းနိုင်ပြီးနောက်ဆုံးပေါ်နည်းပညာများကိုအမီလိုက်နိုင်ရပါမည်။ သမိုင်းကြောင်းကိုသိရှိခြင်း၊လေ့လာသင်ယူခြင်းတို့သည် ထိုက်တန်သောအကျိုးကျေးဇူးများကိုရရှိစေသည့် အလုပ်များဖြစ်ကြသော်လည်း မိမိ၏သမိုင်းအသိပညာကို အနာဂတ်အတွက်ပြင်ဆင်မှုပြုလုပ်ရန် အသုံးချခြင်းက ပို၍တန်ဖိုးရှိပါသည်။ နည်းပညာအဆင့်အမြင့်မားဆုံးလက်သုံးကိရိယာများကို စွမ်းအားအပြည့်အသုံးချနိုင်ရပါမည်။ ယနေ့ရှိနေသော လက်သုံးကိရိယာများကို မနက်ဖြန်အောင်မြင်မှုများအတွက် မည်ကဲ့သို့အသုံးချရမည်ကိုအမြဲတမ်းလေ့လာသင်ယူနေပါ၊ စဉ်းစားတွေးခေါ်နေပါ။ လူဟူသောသတ္တဝါသည်ဘယ်တော့မျှ ပြောင်းလဲခြင်းဖြစ်လာမည်မဟုတ်သော်လည်း လူသတ္တဝါများသုံးစွဲနေသော နည်းပညာများနှင့် လက်သုံးကိရိယာများသည် အမြဲပြောင်းလဲနေပါလိမ့်မည်။

**“ကောင်းမွန်သော နည်းဗျူဟာများသည် အဆိုးဝါးဆုံးသော မဟာဗျူဟာကို ကယ်တင်နိုင်သော်လည်း ဆိုးဝါးသောနည်းဗျူဟာများသည် အကောင်းဆုံး မဟာဗျူဟာကိုပင် ဖျက်ဆီးပစ်လိမ့်မည်”**

တိုက်ပွဲများကို နိုင်အောင်တိုက်နေကြသူများသည် အဆင့်မြင့်တပ်မှူးကြီးများ မဟုတ်ကြပါ။ ရှေ့တန်းတွင်ရှိနေကြသော ရဲဘော်များသာတိုက်ပွဲများကို အောင်မြင်စေရန် သို့မဟုတ် ရှုံးနိမ့်စေရန် တတ်နိုင်ကြသည်။ ကောင်းမွန်သော မဟာဗျူဟာတစ်ရပ်သည် သာမန်ဉာဏ်ရည်ဉာဏ်သွေးရှိသူကိုပေါ်လွင်လာစေသည်။ သို့ရာတွင် နည်းဗျူဟာထိုးစစ်တစ်ရပ်ကသာတိုက်ပွဲကိုအောင်နိုင်စေပြီး စစ်မြေပြင်တွင်ရှိနေသောရဲဘော်သည်စစ်ပွဲ၏နောက်ဆုံးနည်းဗျူဟာလက်နက်ဖြစ်သည်။ စစ်သားများတွင် ရှိသင့်ရှိထိုက်သော ချပ်ဝတ်တန်ဆာ၊ အစားအစာရိက္ခာနှင့် တိုက်လိုခိုက်လိုစိတ် မရှိလျှင် သူတို့၏ရည်မှန်းချက်ပန်းတိုင်များကိုအောင်မြင်လိမ့်မည်မဟုတ်ပါ။ သို့ဖြစ်၍ ထိပ်ပိုင်းခေါင်းဆောင်များသည် ရဲဘော်များကိုထောက်ပံ့ရန်၊ပြည့်စုံလုံလောက်စွာဖြည့်တင်းပေးရန်၊ စိတ်ဓါတ်မြင့်မားသောအဆင့်သို့ ရောက်ရှိရေး လှုံ့ဆော်ပေးရန်နှင့်အောင်နိုင်သောတပ်ဖွဲ့တစ်ခု၏တာဝန်သိမှု၊ သစ္စာရှိမှုတို့ပြည့်စုံလာစေရန်အတွက် တာဝန်ယူဆောင်ရွက်ပေးရသည်။ ထိပ်ပိုင်းခေါင်းဆောင်များကစစ်မြေပြင်မှစစ်သားများအပေါ် မှန်မှန်ကန်ကန်ထောက်ပံ့ဖြည့်တင်းမှုမပြုခဲ့သော်နည်းဗျူဟာရှုံးနိမ့်မှုများကို ရှောင်လွှဲနိုင်မည်မဟုတ်ပါ၊ လုံလောက်စွာလေ့ကျင့်ထားပြီးသော မည်သည့် ထိပ်ပိုင်းခေါင်းဆောင်တစ်ယောက်မဆို ကြီးမားကျယ်ပြန့်သော မဟာဗျူဟာအခင်းအကျင်းကို အသေအချာစီစဉ် ဆောင်ရွက်နိုင် ပါသည်။ ထိုအဆင့်တွင် ရှိသော ပုဂ္ဂိုလ်များသည် အမှန်စင်စစ် စစ်သည်တော်များ သို့မဟုတ် တပ်မှူးများ မဟုတ်ကြတော့ပါ၊ သူတို့သည် ရုံးမန်နေဂျာများထက် ဘာမျှမထူးပါ။ အဓိကဆိုလိုသည့်အချက်မှာ စစ်မြေပြင်တွင် အောင်မြင်မှု သို့မဟုတ် ရှုံးနိမ့်မှုကို ဖြစ်စေသည်မှာ စစ်သားများသာဖြစ်ကြောင်းပင်တည်း။

## "ရုတ်ခြည်းလုပ်ဆောင်ခြင်းနှင့် လျင်မြန်မှုဖြင့်လုပ်ဆောင်ခြင်းတို့သည် အနက်တူ စကားလုံးများ မဟုတ်ကြပါ"

ဤနှစ်ချက်ကို ရောထွေးပြီး မစဉ်းစားသင့်ပါ။ လျင်မြန်မှုဖြင့်လုပ်ဆောင်ခြင်းသည် စနစ်တကျစီမံထားသော လုပ်ငန်းများကိုအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် မြန်မြန်ဆန်ဆန်ပြုလုပ်ခြင်းဖြင့် အောင်မြင်မှုရရှိရန်အခွင့်အရေး ပိုမိုရရှိစေပါသည်။ရုတ်ခြည်းလုပ်ဆောင်ခြင်းသည် အစီအစဉ်တကျမရှိသော သို့မဟုတ် မပြည့်မစုံမလုံမလောက်စီမံထား သောလုပ်ငန်းများကို ကမျောသောပါးအကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်၍ ရှုံးနိမ့်နိုင်ချေများခြင်း သို့မဟုတ် ဆိုးဝါးစွာအရေးနိမ့်ခြင်းတို့ဖြစ်ပေါ်လာနိုင်ပါသည်။ ရုတ်ခြည်းစီမံ၍လုပ်ဆောင်ခြင်းများသည် လူ့အသက်များနှင့်လက်နက် ပစ္စည်း ကိရိယာများဆုံးရှုံးစေနိုင်သည့် ကံကြမ္မာဆိုးနှင့်ကြုံကြိုက်စေနိုင်ပါသည်။ အထူးသဖြင့် တိုက်ပွဲဝင်ရာတွင် အရေးကြီးဆုံး သောလိုအပ်ချက်တစ်ခုဖြစ်သည့် အချိန်ကိုဆုံးရှုံးစေနိုင်ပါသည်။ စစ်ဆင်ရေးမှူးများသည် အမြဲတမ်း ဖြစ်နိုင်သမျှ လျင်မြန်စွာဆောင်ရွက်ရသော်လည်း ရုတ်ခြည်းအခြေအနေသို့မရောက်စေရန် ဂရုစိုက်ရပါမည်၊ မိမိတို့သည် အလုပ်လုပ် ရာတွင်တစ်ကြိမ်တည်းဖြင့် မှန်ကန်စွာ ပြီးမြောက်အောင်မြင်စေရန် ပြုလုပ်ရပါမည်။ အခွင့်အရေးသည် နောက်တစ်ကြိမ် ပြန်ရောက်လာလိမ့်မည်မဟုတ်ပါ။

***စာရေးသူ၏ အကြံပြုချက်***။ စီးပွားရေးလုပ်ငန်းနယ်ပယ်တွင် ရုတ်ခြည်းထုတ်လုပ်ခြင်းသည်ခွဲတမ်းအရေအတွက် ပိုမိုထုတ်လုပ်ခြင်းဟူ၍လည်းကောင်း၊ လျင်မြန်မှုဖြင့်ထုတ်လုပ်ခြင်းသည် အရည်အသွေးကောင်းမွန်သည့် ထုတ်ကုန်များ ကို ပိုမိုထုတ်လုပ်ခြင်း ဟူ၍ လည်းကောင်း ရှုမြင်ရပါမည်။ ခွဲတမ်းအရေအတွက်ဖြင့် အလုပ်သမားများကို အတင်း အဓမ္မ ထုတ်လုပ်စေမည်ဆိုလျှင် ချို့ယွင်းချက်ပါသော ထုတ်လုပ်ခြင်းများဖြစ်လာပါမည်။ ထုတ်လုပ်မှုအရေအတွက် ပြည့်မီသွားသော်လည်း ထုတ်ကုန်၌ချို့ယွင်းချက်အများအပြားရှိနေပြီဖြစ်ပါသည်။ ထို့ကြောင့်ထုတ်ကုန်များကို ပယ်ဖျက် ခြင်း သို့မဟုတ် ပြန်လည်ထုတ်လုပ်ရခြင်းများ ဖြစ်ပေါ်လာပါမည်။ ပယ်ဖျက်ရခြင်းသည် ပစ္စည်းကိရိယာများနှင့်အချိန်ပါ လုံးဝဆုံးရှုံးစေခြင်းဖြစ်ပါသည်။ ပြန်လည်ပြုပြင်ထုတ်လုပ်ရခြင်းသည် လူအင်အားနှင့်အချိန် ထပ်မံအသုံးပြုရခြင်း ဖြစ်ပါ သည်။ အကယ်၍ ထုတ်ကုန်သည် ပထမတစ်ကြိမ်တည်းနှင့် မှန်ကန်ကောင်းမွန်စွာထုတ်လုပ်နိုင်ခဲ့သော် ခွဲတမ်းထား၍ ထုတ်လုပ်ခြင်းထက်အချိန်အနည်းငယ်ပိုကြာမည်ဖြစ်သော်လည်း မလိုလားအပ်သောအဆုံးအရှုံးများကို အကြီးအကျယ် ကာကွယ်ဆယ်တင်နိုင်မည်ဖြစ်ပါသည်။တစ်ကြိမ်တည်းဖြင့် ကောင်းမွန်စွာထုတ်လုပ်ခြင်းသည် ကုန်ကြမ်းပစ္စည်းမဆုံးရှုံး

စေခြင်း၊ ထုတ်လုပ်ချိန်ပိုမကုန်ခြင်းနှင့် အလုပ်သမားများသည် မိမိတို့၏လက်ရာကြောင့် ဂုဏ်သိက္ခာမဆုံးရှုံးစေခြင်း စသည့် အကျိုးကျေးဇူးများရရှိစေပါသည်။ ဒမ္မင်း၏ အချက်(၁၁)ကို ရည်ညွှန်းပါသည်။

## "သစ္စာရှိသော ဦးစီးအရာရှိကို ထက်မြက်သော ဦးစီးအရာရှိ ထက် ဦးစားပေးသင့်သည်"

သစ္စာရှိမှုသည် ကွပ်ကဲမှုကွင်းဆက်၌အရေးကြီးဆုံးသောချိတ်ဆက်မှုတစ်ခုဖြစ်ပါသည်။ ဤအချက်သည် အောင်မြင်သော စစ်ဆင်ရေးများအတွက် မရှိမဖြစ်လိုအပ်ချက်ဖြစ်ပါသည်။ သစ္စာရှိမှုသည် နှစ်လမ်းသွားဖြစ်ပါသည်။ အပေါ်မှ အောက်သို့ဖြစ်စေ၊ အောက်မှ အပေါ်သို့ဖြစ်စေ သစ္စာရှိမှုလိုအပ်ပါသည်။ သစ္စာရှိသော ဦးစီးအရာရှိသည် တစ်စုံတစ်ရာဆင်ခြေတက်ခြင်းမပြုဘဲ ပို၍အလုပ်လုပ်ပါလိမ့်မည်၊ပို၍လည်းကောင်းမွန်စွာပြုလုပ်ပါမည်။ထက်မြက်သော ဦးစီးအရာရှိများသည် ဦးစီးအဖွဲ့၏ ကောင်းမွန်သောလုပ်ငန်းများလုပ်ဆောင်နိုင်ရေးတွင် သူတို့၏ အတ္တမာနအယူအဆများကို ထည့်သွင်းအသုံးချလာလိမ့်မည်ဖြစ်သည်။ ထိုအယူအဆများသည်ကိုယ့်ကိုယ်ကိုယ်ဗဟိုပြုစဉ်းစားထားခြင်းများ ဖြစ်၍ဒုက္ခပေးလာနိုင်ပါသည်။ ထိုအပြင်သူတို့သည် အမိန့်အတိုင်း လိုက်နာခြင်းနှင့် ဦးစီးအဖွဲ့တစ်ဖွဲ့လုံး၏ အောင်မြင်မှု ထက် မိမိတို့၏ ဘဝလမ်းကြောင်းကောင်းမွန်ရေးအတွက်သာ ပိုမိုစိတ်ဝင်စားကြပါသည်။

**“သမိုင်းပညာရှင်ပရီမင်း၏ ‘နော်မန်များ၏အောင်ပွဲ’ စာအုပ်ကို အကြိမ်ကြိမ်ဖတ်ခဲ့ပါသည်။ နော်မန်ဒီနှင့် ဖြိတိန်စစ်ဆင်ရေးများတွင် အောင်နိုင်ခဲ့သူ ဝီလီယံက အသုံးပြုခဲ့သော လမ်းများ အကြောင်းကို အထူးသဖြင့် အာရုံစိုက်၍ လေ့လာခဲ့သည်။ ထိုစဉ်က အသုံးပြုခဲ့သော လမ်းများသည် မြေပြင်တွင် အမြဲတမ်းလက်တွေ့အသုံးကျနေမည်ဖြစ်ပါသည်”**

ခေတ်သစ်စစ်ပွဲများတွင် ဆုတ်ခွာသော ရန်သူက ပထမဦးဆုံးလုပ်မည့်အလုပ်များမှာ ကားလမ်း နှင့် ရထား လမ်းများ ဖျက်ဆီးခြင်းဖြစ်ပါသည်။ မည်သည့်မြေအမျိုးအစားတွင် ယာယီ သို့မဟုတ် အရေးပေါ်လမ်းများ ဖောက်လုပ်နိုင်သည်ကို သိရှိခြင်းဖြင့် တပ်ဖွဲ့များသည် ပိုမိုလွယ်ကူစွာလှုပ်ရှားစစ်ကစားနိုင်မည်ဖြစ်သည်။ တိုက်ပွဲနေရာတစ်ခု၏ သမိုင်းကြောင်းကိုသိရှိခြင်းဖြင့် တပ်မှူးတစ်ဦးသည် ပျက်စီးနေသောလမ်းများကို ပြုပြင်နေရသည့်အတွက် ကုန်ကျမည့် အချိန်အမြောက်အမြားကို လိုအပ်သော နေရာများတွင် လမ်းလွှဲများပြုလုပ်ခြင်းဖြင့် အချိန်ကုန်သက်သာစေပါသည်။ အတိုချုပ်ဆိုရလျှင် အခြေခံအချက်များကို လိုက်နာကျင့်သုံးခြင်းသည် ကောင်းစွာအလုပ်ဖြစ်ပြီး အသုံးဝင်ပါသည်။ ဘီးကဲ့သို့ရှေးရိုးသုံးလာသည့်ပစ္စည်းနှင့် ရှိပြီးအတွေ့အကြုံများကို ပြန်လည်တီထွင်နေရန်မလိုပါ။ အလားတူ အထောက် အထားမခိုင်လုံသော သီအိုရီအယူအဆများကိုလည်း ပြန်လည်ကျင့်သုံးရန်မလိုပါ။ မိမိ၏တန်ဖိုးရှိသော အချိန်များသာ အလဟဿဖြစ်ပြီး ပြဿနာတက်စေပါလိမ့်မည်။ ဘောလုံးအသင်းတစ်သင်း၏ နည်းပြကောင်းတစ်ယောက်သည် ဘောလုံးအသင်းအား ကစားနည်းအခြေခံများကို သိနားလည်စေခြင်း သို့မဟုတ် လက်တွေ့လေ့ကျင့်ခြင်း မရှိဘဲ မည်သည့်အခါမျှ အောင်မြင်လိမ့်မည်မဟုတ်ကြောင်း ပြောပြပါလိမ့်မည်။ မိမိ၏ အသင်းကသာ တိုက်နည်းနှင့် ခံနည်း အခြေခံများကို မကျွမ်းကျင်ပါက အသေးစိတ်စီစဉ်ထားသော လှပသည့် ကစားကွက်များသည် အသုံးဝင်လိမ့်မည် မဟုတ်ပါ။

## “အကောင်းဆုံးလုပ်နေသော လူတစ်ယောက်အတွက် ဘာလိုသေးသလဲ”

မိမိလုပ်နေရသော အလုပ်သည် မည်သည့်အလုပ်ပင်ဖြစ်ပါစေ၊ အမြဲတမ်းအကောင်းဆုံးလုပ်ပါ။ မိမိတွင်ရှိသော ကျွမ်းကျင်မှု၊ လက်သုံးပစ္စည်းကိရိယာနှင့် စွမ်းရည်တို့ကို အသုံးပြု၍ လုပ်နိုင်သလောက်လုပ်ပစ်လိုက်ပါ။ ပြောဆိုလုပ်ကိုင်ပြီးသွားသည့်အခါမှသာ သမိုင်းကအဆုံးအဖြတ်ပြုပါစေ။ လုပ်ပြီးသွားပြီဆိုသည့်အခါတွင် မည်သည့်အခါမျှ မိမိကိုယ်မိမိအပြစ်မတင်မိပါစေနှင့်။မိမိအားဝမ်းမြောက်ဝမ်းသာထောက်ခံအားပေးမည့်လူများကအမြဲတမ်း လိုအပ်သည် ထက်ပို၍ ရှိနေကြမည်ဖြစ်သည်။ အကောင်းဆုံးသာမလုပ်ခဲ့လျှင် မိမိအား ရောက်ရှိရန် တာဝန်ပေးထားသည့် ပန်းတိုင်သို့မရောက်နိုင်တော့ဘဲ ပင်ပန်းဆင်းရဲခြင်း တော်မွတ်ခြင်းများဖြင့် အပြီးသတ်၍ရပ်တန့်သွားမည့် ရက်တစ်ရက်သို့ မလွဲမသွေရောက်ရှိလာမည်ဖြစ်သည်။ ထိုသို့ရပ်တန့်နေခြင်းဖြင့် မိမိ၏အားထုတ်ခဲ့မှုများအားလုံးကို ဆုံးရှုံးသွားမည်ဖြစ်သည်။ တပ်မှူးကြီး တစ်ယောက်အနေဖြင့်ဆိုလျှင် အသက်ပေါင်းများစွာဆုံးရှုံးစေမည်ဖြစ်သည်။

## "သံသယရှိနေပြီဆိုလျှင် တိုက်ခိုက်ပါ"

အခြေအနေအရပ်ရပ်အပေါ် မသိနားမလည်မှုသည် မိမိကဲ့သို့ပင် ရန်သူ့ဘက်တွင်လည်း ရှိနေပါသည်။ ပို၍ပင် ဆိုးကောင်းဆိုးနိုင်ပါသေးသည်။ ထို့ကြောင့် ဘာဖြစ်လာမလဲဟု စောင့်ကြည့်နေမည့်အစား ပြင်းပြင်းထန်ထန် ပြတ်ပြတ်သားသား တိုက်ခိုက်နေပါ။ အကယ်၍မိမိကဘာဖြစ်လာမလဲ သို့မဟုတ် ရန်သူက ဘာလုပ်ဖို့ကြံရွယ်နေသလဲ ဆိုသည့်အချက်ကို ရပ်ကြည့်နေမည်ဆိုပါက မိမိနှင့် မိမိ၏ လူများသည် ရန်သူ့အတွက် ကောင်းမွန်သော ပစ်မှတ်အဖြစ် ဖော်ပြပေးနေသလိုဖြစ်နေပါလိမ့်မည်။ ဤကဲ့သို့အဖြစ်မျိုးဘယ်တော့မှ အရောက်မခံပါနှင့်၊ ဘယ်တော့မှလည်း တိုက်ခိုက်ခြင်းကို ရပ်နားမထားပါနှင့်၊ မိမိ၏ ချေမှုန်းခြင်းကို ရန်သူက ခံနေရလျှင် မိမိကို တိုက်ခိုက်ရန် ပြင်ဆင်ချိန်ရန်သူ့ထံတွင် မရှိပါ။ မိမိသည် လက်ဝှေ့သမားတစ်ယောက်ဖြစ်ခဲ့လျှင် ကြိုးဝိုင်းထောင့်ထဲရောက်ရှိနေသော ပြိုင်ဘက်အားဆက်လက်ထိုးသတ်ခြင်းမပြုဘဲအနားပေးမှာလား။ ပြိုင်ဘက်သည်ကြိုးဝိုင်းပေါ်တွင်လဲနေလျှင်ပင် အမှတ်စဉ်ရေတွက်မှုပြီးဆုံးသည်အထိ ဆက်ထိုးနေမည်သာဖြစ်ပါသည်။

## “မိမိတို့ပြောသည့်အတိုင်းမလုပ်နိုင်လျှင် ရေရှည်တွင် မိမိတို့ပဲဒုက္ခရောက်လိမ့်မည်”

ဤအချက်သည် ရေပေါ်ဆီနိုင်ငံရေးသမားများနှင့် အထူးသဖြင့် သက်ဆိုင်သည်။ သူတို့သည် ရွေးကောက်ခံရစေရန်အတွက်ဘာမဆိုပြောကြသည်။ ရွေးကောက်ပွဲပြီးသွားပြီဆိုလျှင် သူတို့ပြောခဲ့သမျှမှတစ်စုံတစ်ရာလုပ်ပေးသည်ဟုဆိုလျှင်ပင်ရှားပါသည်။နိုင်ငံရေးသမားများကဤကဲ့သို့ပြုမူခြင်းသည်ဆိုးဝါးပါပေသည်။ သို့သော်စစ်သားများကလည်းထိုနည်းအတိုင်းပင်လုပ်ကြသည်ဆိုလျှင် ပို၍ဆိုးဝါးပါသည်။ စစ်သားစိတ်အစစ်အမှန်ရှိသူများသည် မွေးရာပါ၊ ရန်လိုတတ်သောသဘာဝကြောင့် ပစ်ပယ်ထားခြင်းခံကြရသည်။ ဘေးဖယ်ထားခြင်းခံကြသည်၊ အဆင့်မြင့်ရာထူးများ မရကြသည်မှာလည်းကံမကောင်းအကြောင်းမလှသော အမှန်တရားဖြစ်သည်။ နိုင်ငံရေးသမားစစ်သားများ (စင်စစ်ယူနီဖောင်းဝတ်ထားသောနိုင်ငံရေးသမားများ)သည်အဆင့်မြင့်ကွပ်ကဲမှုဌာနချုပ်များ၏ အရေကိုခြုံ၍ အရပ်သားနိုင်ငံရေးသမားများကြားလိုသောစကားများကို လိုက်ပြောဆိုနေကြသည်။ သူတို့သည် နိုင်ငံ၏ ကိုယ်ကျင့်သိက္ခာ နံရံတံတိုင်းကို မည်မျှပင်ဆိုးဝါးစွာထိခိုက် ပျက်စီးစေကာမူ မည်သည့်အမိန့်ကိုမဆို ဘုမသိဘမသိ လိုက်နာကြလိမ့်မည်ဖြစ်သည်။

***စာရေးသူ၏အကြံပြုချက်*။** စီးပွားရေးလုပ်ငန်းတွင်လည်း ကုမ္ပဏီအကျိုး၊ အလုပ်သမားများအကျိုး သို့မဟုတ်ကုန်ပစ္စည်းအရည်အသွေးအပေါ် အနည်းငယ်သာ ဂရုစိုက်သော ရေပေါ်ဆီမူဝါဒပုံစံမျိုးရှိနိုင်ပါသည်။ ဤကဲ့သို့သောပုဂ္ဂိုလ်များ၏ သဘောထားအဆင့်အတန်းအမှန်ကိုပေါ်လွင်လာစေရန် ရင်ဆိုင်နိုင်ကြရမည်ဖြစ်ပါသည်။ ထိုသို့ပေါ်လွင်လာခဲ့သော် ထိုလူများကိုအဆင့်မြင့်စီမံခန့်ခွဲမှုအပိုင်းမှအမြန်ဆုံးဖယ်ရှားပစ်ရန်လိုပါသည်။ ယခုခေတ် ရန်လိုသောဈေးကွက်ထိန်းချုပ်မှုများနှင့် စိမ်းကားသောဆက်ဆံမှုပတ်ဝန်းကျင်၌ ထိုလူပေလူတေများသည် သူတို့အကျိုးစီးပွားအတွက်သာအလုပ်လုပ်ကြပေလိမ့်မည်။သူတို့လိုချင်သည်များရှိလျှင် လိမ်ညာခြင်းနှင့် မှားတစ်ဝက်မှန်တစ်ဝက် စကားများပြောခြင်းတို့ပြုကြပေလိမ့်မည်။ ထိုလုပ်ဆောင်ချက်များကို ကြည့်ခြင်းဖြင့် သူတို့၏ ရည်ရွယ်ချက်ကို သိနိုင်ပါသည်။ ထိုသူများကိုရင်ဆိုင်နိုင်ရန်မှာ သူတို့ပြောခဲ့သည့်စကားများနှင့်လုပ်သည့် အလုပ်များအတွက် အစည်းအဝေးမှတ်တမ်းများနှင့်အစီရင်ခံစာများကိုကောင်းစွာရေးသားထိန်းသိမ်းထားပြီးနှိုင်းယှဉ်ပြသရမည်ဖြစ်သည်။ ဤအထောက်အထားများသည်

သူတို့ကိုအရှက်ရစေပြီးသူတို့၏အစီအမံများကိုရပ်တံ့သွားစေလိမ့်မည်ဖြစ်သည်။ သူတို့ကအထင်ကြီးစေရန် ပြောခဲ့သည့်စကားများနှင့် သူတို့လုပ်ဆောင်ချက်များ တိုက်ဆိုင်မှုမရှိတော့ကြောင်းပထမအကြိမ် သိရှိရလျှင်ပင် သူတို့အပေါ် သံသယ စိတ်ထားရတော့မည်ဖြစ်သည်။ နောက်ပိုင်းတွင်လည်း သူတို့အားစောင့်ကြည့်သွားရန်လိုအပ်ပါသည်။